
ငြိုးမာန်ဖွဲ့ အချစ်
လရောင်ဆူး

# အခန်း(၁)

"ဖြန်း ..."

"အင့် ..."

ဦးထက်ကျော်ရဲ့ လက်ဝါးကြောင့် ခန္ဓဲ ပါးတစ်ဖက် ပူသွားကာ ခန္ဓာကိုယ်လေးပင် ယိုင်သွားသည် ။ ဒါပေမဲ့ ရှိသမျှ အားလေးနဲ့ ခန္ဓာကိုယ်ကို ပြန်မတ် ထားလိုက်သည် ။

"အမိုက်မ ... နင်က ခု နင့်ကောင်ဘက်က ပါသွားပြီပေါ့ ... ဟုတ်လား ..."

"ခန္ဓဲ သူ့ကို ချစ်မိသွားလို့ ပါ ဦးလေးရယ် ..."

"ဟား ဟား ဟား ... ချစ်မိသွားတာ ... ငါနင့်ကို ဟိုးငယ်ငယ်လေးထဲက အသည်းနှလုံး မရှိတဲ့ သူဖြစ်အောင် ငါလေ့ကျင့်ပေးခဲ့တာ ... ဘယ်လိုလုပ်ပြီး ယောကျ်ားတစ်ယောက် အချစ်မှာ နင်ပြိုလဲ သွားရတာလဲ ... ခန္ဓဲ ..."

ဦးထက်ကျော် ဆိုတာ ခန္ဓဲရဲ့ ဦးလေးအရင်း တစ်ယောက် ဖြစ်သလို ခန္ဓဲ အဖေဆိုလည်း မမှားပါ ...။ ငယ်ငယ်လေးထဲက ဦးလေးရဲ့ ယောကျ်ား မုန်းတီးရေး ဝါဒါကို စနစ်တကျ လေ့ကျင့်ခံခဲ့ရသူ။ ဒါပေမဲ့ ရုံနဲ့ တွေ့ပြီးနောက်ပိုင်း ခန္ဓဲ စိတ်ဓာတ်တွေ ပြောင်းပြန်လန် သွားခဲ့ရသည် ။ ခု ရုံအတွက် ဆိုဘာကိုမှ မကြောက်တော့ပဲ ဒူးထောက်ဖို့ လည်း ဝန်မ

လေးတော့သူ။

" ခန္ဒွဲ တောင်းပန်ပါတယ် ... ဦးလေး ... ရံ ကို ဘာမှ မလုပ်ပါနဲ့ ... ဦးလေး ခိုင်းတာ ခန္ဒွဲ ဘာမဆို လုပ်ခဲ့တာပဲ ... ခန္ဒွဲတို့ ကို လွှတ်လပ်ခွင့် ပေးပါ။ သမီး တောင်းပန် နေတာပါ ... ဦးလေး အရင်က အပြစ်တွေကို ပြန်ဖော်ပြီး အရှက်ကွဲလည်း မခံစေချင်ပါဘူး ... ဦးလေးသာ ရံကို လွှတ်ပေးမယ် ဆိုရင် ခန္ဒွဲတို့ တိတ်တိတ်လေး နေသွားမှာ ပါ  ... ရံလည်း အဲဒီလို ဖြစ်စေချင်မှာ ပါ ..."

"ခန္ဒွဲ ..."

ဦးထက်ကျော် အသံက ကျယ်လောင် သွားသည် ။

"ဘာခိုင်းခိုင်း လုပ်ခဲ့တယ် ဆိုရအောင် ခု ကိစ္စတောင် ပြီးဆုံးအောင် မလုပ်နိုင်ပဲ ... ငါ နင့်ကို ဘယ်လို ယုံကြည်ရမှာ လဲ ... ငါနင့်ကို စိတ်ပျက်သွားပြီ ခန္ဒွဲ ... ငါ့တူမလေးဆိုပြီး အရေးပေး ခဲ့တာတွေ  ... ငါအစ်ကို နဲ့ မရီး နင့်မိဘတွေ အတွက် အစားပြန်ယူခိုင်းတာ ခုတော့ အချိန်တွေ၊ ပိုက်ဆံတွေ နင့်ရဲ့ ဘာမဟုတ်တဲ့ အချစ်ကြောင့် ပျက်စီးသွားပြီ ခန္ဒွဲ ..."

ခန္ဒွဲ ငိုသံက တဖြည်းဖြည်း ကျယ်လောင် လာသည် ။ ရံကို ခန္ဒွဲ အမှန်တကယ် ချစ်ခဲ့တာကြောင့် ခန္ဒွဲ အမှန်တကယ် ရင်ကွဲ မတက် ခံစားနေရသည် ။

"ဦးလေးရယ် ခန္ဒွဲ တောင်းပန်ပါတယ် ... ရံကို လွှတ်ပေးပါ ... ရံ မရှိရင် ခန္ဒွဲ ဘဝလည်း မရှိနိုင်တော့ဘူး ... ဦးလေး ... ခန္ဒွဲကို ဆုံးရှုံးခံနိုင်လား ... ပြီး ခန္ဒွဲရဲ့ နောက်ရလာတော့မဲ့ ခန္ဒွဲ ရင်သွေးလေး အတွက်ရော ... အဖေ တစ်ယောက် ဆုံးရှုံးခံနိုင်လား ... ရင်သွေးလေးကို အဖမဲ့ တစ်ယောက် ဖြစ်စေချင်လား ..."

ခန္ဓဲ့က ငိုနေတဲ့ ကြားကပဲ ဦးထက်ကျော်ကို မေးလိုက်တော့ ဦးထက်ကျော် မျက်နှာ ညှိုးသွားသည် ။ ဒီလောကထဲမှာ သွေးသားဆိုလို့ ဒီတူဝရီး နှစ်ယောက်ပဲ ရှိတာ မဟုတ်ပါလား ...။ ခန္ဓဲ့က ဆုံးဖြတ်ပြီးရင် အမှန်တကယ် လုပ်တတ်သူမို့ သူချစ်တဲ့ မင်းရံ မရှိရင် သူလည်း သူ့ကိုယ်သူ ဘာလုပ်မိမလဲ သေချာမသိ ...။ ခုတစ်ဖန် ရင်သွေးလေး ပါရှိလာခဲ့ပြီ ... ဒါပေမဲ့ ဦးထက်ကျော် ခြေလှမ်းတွေက လွန်ကျူးနေခဲ့ပြီ ...။

"နောက်ကျသွားပြီ ... ခန္ဓဲ ... ခုလောက်ဆို ... ခုလောက်ဆို ..."

"ဦးလေး ... ရံကို ဘာလုပ်လိုက်တာလဲ ... ဟင် ... ရံ ဘယ်မှာ လဲ... ခန္ဓဲကို ပြောပြပါ ... ဦးလေး ... အီး ဟီး ဟီး ..."

ဦးထက်ကျော် ခြေသလုံးကို ခန္ဓဲ ဖက်တွယ်ရင်း ခယ တောင်းပန်နေသည် ။

"ခုလောက်ဆို မင်းရံ ... မင်းရံ ..."

ခန္ဓဲ မျက်ဝန်းတွေ ကျယ်လောင် သွားသည် ။

ခန္ဓဲ ကားကို မိုင်ကုန်တင်ပြီး မောင်းလာခဲ့သည် ။ မျက်ဝန်းတွေမှာ မျက်ရည် အပြည့်နဲ့ မြင်ကွင်းတွေက ဝေဝါး နေပေမဲ့ ခုချိန်မှာ ရံဆီ ရောက်ဖို့ သာ အဓိက ဖြစ်သည် ။ ရံဆိုတာ ခန္ဓဲ ချစ်တဲ့ ခင်ပွန်း ... ခန္ဓဲ အရမ်းချစ်ရတဲ့ ... မင်းရံ ...။

ကားကို မောင်းရင်း အရင်က ရံနဲ့ စတွေတဲ့ ပုံရိပ် တွေကို မြင်ယောင်လာခဲ့သည် ။

***

ခန္တဲ့လျှ ဆိုတာ ထက်ကုမ္ပဏီ ပိုင်ရှင် ဦးထက်ကျော်ရဲ့ တစ်ဦးတည်းသော သွေးသားရင်းချာ တူမ တစ်ယောက် ဖြစ်သည် ။ ခန္တဲ့က နံ့နက်ခင်းမှာ ပွင့်လန်းဖို့ အားယူနေတဲ့ နှင်းဆီဖူးလေးပမာ အားမာန် အပြည့်ရှိနေသူ။ ဆံပင်က မတိုမရှည်၊ အသားဖြူဖြူ၊ နှင်းဆီဖူး သဖွယ် နှုတ်ခမ်းတစ်စုံ ပိုင်ဆိုင်ထားသူ။ ဖျတ်ခနဲ မြင်လိုက်ရရင်တောင် တစ်သက် မမေ့နိုင်သည့် ရုပ်ရည် ပါရမီ ရှိသူ ...။

ရုပ်လှသလောက် ခန္တဲ့ ကံမကောင်းခဲ့ပါ ...။ ခန္တဲ့ အသက် ၁၁ နှစ်အရွယ် မိုးရွာတဲ့ တစ်နေ့မှာ ခန္တဲ့ကို ဖေဖေနဲ့ မေမေ ကျောင်းကြိုပြီး ပြန်အလာမှာ ခန္တဲ့တို့ စီးလာတဲ့ ကား အက်ဆီးဒန့် ဖြစ်ခဲ့သည် ။ ဖြစ်ပုံကလည်း မျက်နှာချင်းဆိုင် လာတဲ့ ကားက ဘရိတ်ပေါက်ပြီး ခန္တဲ့တို့ ဘက်ကို လမ်းမှားအလာမှာ ဖေဖေက ရှောင်ရင်း အရှိန် မထိန်းနိုင်ပဲ မှောက်သွားခဲ့သည် ။ ကံကောင်းစွာ ခန္တဲ့ အသက်ရှင်ပေမဲ့ ဖေဖေနဲ့ မေမေကတော့ ပွဲချင်းပြီး ဆုံးသွားခဲ့သည် ။ ခန္တဲ့လည်း လက်မောင်းမှာ သံချောင်း စိုက်ဝင်ခဲ့ပြီး ခက်ခက်ခဲခဲ နုတ်ယူခဲ့ရသည် ။

ဆရာဝန်တွေက ဒီလက် ပြန်ကောင်းပါ့မလား။ အာမ မခံခဲ့ပေမဲ့ ကံကောင်းစွာ သုံးလို့ ရခဲ့သည် ။ ခန္တဲ့ ခုချိန်ထိ ကံကောင်း နေပါသေးသည် ။ သို့သော် မိုးတွင်း မိုးရွာတဲ့ အချိန်ဆို အဲဒီဒဏ်ရာက တဆစ်ဆစ်နဲ့ ကိုက်ခဲ လွန်းလှသည် ။ ဒါက ခန္တဲ့ကို ပေးတဲ့ ပြစ်ဒဏ်သဖွယ် ...။

အဲဒီလို ကိုက်ခဲ့နေရင် ခန္တဲ့ အပြင်းဖျား တတ်သည် ။ အဲဒီလို အခါမျိုးဆို ဦးလေးက ခန္တဲ့ လက်ကို တင်းနေအောင် ဆုပ်ကိုင်ထားပြီး ...

"သမီး ... အားတင်းထား ... သမီးခုလို ခံစားနေရတာ ဦးသက္ကာဆိုတဲ့ လူကြောင့် ... သမီး အဖေနဲ့ အမေ ဆုံးရှုံးခဲ့ရတဲ့ အပြင် သမီးခုလို ဝေဒ

နာတွေ ခံစားနေရတာ ... သမီး အားတင်းထား ... သမီး အဲဒီလူတွေကို ကလဲ့စား ချေရမယ် ..."

အဲဒီလို ခန္ဓွဲ နားကိုကပ်ပြီး ပြောလေ့ရှိသည် ။ အဲဒီ စကားတွေကြောင့်ပဲ ခန္ဓွဲ ဝေဒနာတွေကို ကျော်ဖြတ်နိုင်ခဲ့သည် ။ အဲဒီအချိန်က ဦးသက္ကာဆိုတာ ဘယ်သူဘယ်ဝါ ဆိုတာ မသိ မမြင်ဖူးပါချေ ...။ ဒါပေမဲ့ ရင်ထဲမှ လှိုက်လှိုက်လှဲလှဲကို မုန်းတီးမိနေသည် ။ ခန္ဓွဲ ကားမှောက်တဲ့ အကြောင်းကို အိပ်မက်ဆိုး အဖြစ် ပြန်မက်တိုင်း၊ ခန္ဓွဲ လက်မောင်းက ဒဏ်ရာ တဆစ်ဆစ်နဲ့ နာကျင်နေတဲ့ အချိန်တိုင်း ဦးသက္ကာကို နာနာကြည်းကြည်းကို မုန်းမိခဲ့ပါတော့သည် ။

***

ခန္ဓွဲက ကျောင်းပြီးလို့ ဦးလေး ကုမ္ပဏီမှာ အလုပ်စ ဝင်ခါစအချိန် အသက်အားဖြင့် ၂၆ ... ခန္ဓွဲရဲ့ သွက်လက်မှု၊ လှပမှု၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ရှိမှုတွေက နာမည်နဲ့ လိုက်အောင် လှပနေပြီး ပုရိသ ယောကျ်ားတို့ ရဲ့ စိတ်အာရုံကို ညို့ယူ ဖမ်းစားနိုင်စွမ်း ရှိသည် ။

ဒါပေမဲ့လည်း ခန္ဓွဲရဲ့ ပန်းတိုင် မရောက်မချင်း ယောကျ်ားသားတိုင်းရဲ့ နှလုံးသားဟာ ခန္ဓွဲရဲ့ ဒေါက်ဖိနပ် ချွန်ချွန်အောက်မှာ နစ်ဝင်သွားခဲ့ကြရသည် ။

ခန္ဓွဲက တက္ကသိုလ် ကျောင်းသူ ဘဝထဲက ဆန်းပွင့်သူ။ ခန္ဓွဲက ပိုးပန်းတဲ့ သူတိုင်းကို ရက်ရက်စက်စက် ငြင်းလွှတ်ခဲ့သူ ...။

ဒီနေ့ ခန္ဓွဲ ကုမ္ပဏီကို မသွားပဲ အိမ်မှာ နားနေခဲ့သည် ။ ထက် ကုမ္ပဏီ

ဟာ တစ်ချိန်ချိန် ခနွဲ့ လက်ထဲပဲ ရောက်လာမှာ မလို့ အခုထဲက ဦးလေးက ကုမ္ပဏီ အလုပ်တွေ လေ့လာ ခိုင်းထားသည် ။

ခနွဲ့ ဧည့်ခန်းမှာ မဂ္ဂဇင်း စာအုပ် တစ်အုပ်ကို စိတ်ဝင်တစားနဲ့ ဖတ်နေတုန်း ...

တောက်စ်...

ဦးလေးရဲ့ ဒေါသတကြီးနဲ့ တောက် ခေါက်သံက ခနွဲ့ စိတ်အာရုံကို ရပ်တန့် သွားစေပြီး ဦးလေးဆီ အာရုံ ရောက်သွားခဲ့သည် ။ မဂ္ဂဇင်း စာအုပ်ကို စားပွဲပေါ် တင်လိုက်ပြီး ...

"ဘာဖြစ်လာတာလဲ ... ဦးလေး ... "

"ဟိုကောင် ... သေပြီ ..."

ဟိုကောင်ဆိုတဲ့ နာမ်စားက ဦးသက္ကာ ဆိုတဲ့ လူကို ရည်ရွယ်ခြင်းပင် ...။

"ဘယ်လိုဖြစ်တာလဲ ... ဦးလေး ... ထောင်က ထွက်ဖို့ သိပ်မလိုတော့ဘူး ... မဟုတ်လား ..."

"ဟုတ်တယ် ... ဖလလောက်ပဲ လိုတော့တယ် ... စီစဉ် ထားတာတွေ ပျက်ကုန်ပြီ ..."

ဦးလေးက ဒေါသတကြီးနဲ့ စိတ်ပျက် အားငယ် နေရှာသည် ။ စီစဉ်ထားတာတွေ ဆိုတာ ဦးသက္ကာ ထောင်က လွတ်ရင် ကလဲ့စားချေဖို့ ... ဆုံးသွားတဲ့ ဦးသက္ကာဆိုတဲ့ သူကို ခနွဲ့ တစ်ခါမှ မမြင်ဖူး ... မမြင်ဖူးဆို ဦးလေးက တစ်ခါမှ ထောင်ဝင်စာ သွားမတွေ့ခိုင်း အဲဒီနေရာက ခနွဲ့ သွားရပေမဲ့ နေရာ မဟုတ်ကြောင်း ပိတ်ပင်ထားသည် ။

"ဒါပေမဲ့ ..."

ဦးလေးက စိတ်ပျက်နေရင်းက ရုတ်တရက် အားတွေ ရှိလာသလို စကားစလိုက်သည် ။

"ဒါပေမဲ့ ဘာဖြစ်လဲ ဦးလေး ..."

"သူ့မှာ သားတစ်ယောက် ကျန်ခဲ့တယ် ... နာမည်က မင်းရုံတဲ့ ..."

"ဟုတ်လား ..."

ထောင်ထဲမှာ အဖေ တစ်ယောက်လုံး ဆုံးသွားတာ ဘယ်လောက် ရင်နာ နေရှာမလဲ ခန္ဓွဲတွေးမိပြီး သူ့အစား စိတ်မကောင်း ဖြစ်သွားရသည် ...။

"ခန္ဓွဲ ..."

ဦးလေးက အသံ ခပ်ကျယ်ကျယ်နဲ့ အော်ခေါ်လိုက်သည် ။

"နင် ဘာတွေးနေလဲ ငါသိတယ်နော် ခန္ဓွဲ ..."

ဦးလေးက ချက်ချင်း အမူအရာရော လေသံရော ပြောင်းလဲ သွားကာ ခန္ဓွဲ လက်ကို လာ ဆုပ်ကိုင်သည် ။

"သမီး ... သမီးက စိတ်ထား အရမ်းကောင်းတယ် ... ဒါပေမဲ့ မတရား သေသွားရတဲ့ သမီးအဖေနဲ့ အမေကို သမီး အတွက် အကြွေး ပြန်ယူပေးရဦးမယ်လေ ... သမီး ..."

"ဟုတ်ကဲ့ပါ ဦးလေး ..."

"အေး ... ဒီလိုမှ ပေါ့ ..."

ဦးထက်ကျော်က အင်္ကျီ အိတ်ကပ်ထဲက စာအိတ် တစ်ခုကို ဆွဲယူပြီး ခန္ဓွဲ ရှေ့ ချပေးသည် ။

"ဒါဘာလဲ ... ဦးလေး ..."

"ဟိုကောင် သေသွားပေမဲ့ သူ့မှာ သားတစ်ယောက် ကျန်ခဲ့တာ ... အဲထဲမှာ သူ့သားပုံ ... လိုရမည်ရပေါ့ ..."

"ဟုတ်ကဲ့ ..."

ခန့် စာအိတ်လေးကို ယူပြီး အခန်းထဲကို ပြန်ဝင် လာခဲ့သည် ။ အခန်းထဲ ရောက်တော့ စာအိတ်လေးကို ဖွင့်မကြည့်ပဲ သေချာ ငေးကြည့်နေခဲ့သည် ။

အဲဒီ ညက ခန့် ညဥ့်နက်တဲ့ ထိ အိပ်မရခဲ့ပါ ...။

***

"ပန်းတွေ ရမယ် ပန်းတွေ ... ပန်းတွေ ..."

"အစ်ကို ... ပန်း ယူဦးမလား ..."

"အစ်မ ... ပန်း ယူဦးမလား ..."

ကားလမ်းပေါ်မှာ ပန်းတွဲတွေကို လက်မှာ ချိတ်ရင်း တကြော်ကြော် အော်ရောင်းနေသည် ။ အသားဖြူဖြူ၊ အရပ်ရှည်ရှည်၊ ဆံပင်အတိုကို သေသေပ်သပ် ဖြီးထားပြီး အဖြူအင်္ကျီ လည်ကတုံးနဲ့ ပုဆိုးအနက်နဲ့ အပြာရောင် ကွက်စိပ်လေးကို ဝတ်ထားသည် ။

"ညီလေး ... မင်းရဲ့ အစ်ကို့ကို ၅၀၀ ဖိုးပေးပါ ..."

ဒီနေရာမှာ ဒီချိန်တိုင်း ပန်းသည် မင်းရဲ့ဆို မသိသူမရှိ ... ဒီလမ်းကို

ဖြတ်သွားနေကြသူတိုင်း မင်းရံ ဆီမှာ ပဲ ပန်းဝယ်ကြသည် ။

မင်းရံဆိုတာ တစ်ကိုယ်တည်း ဘဝကို ဖြတ်သန်းနေရသူ ... စီးပွားရေးမှာ ချမ်းသာပေမဲ့ မင်းရံ အကျင့်က လူတွေကို ကိုယ့်အင်အားနဲ့ ကိုယ် ကူညီပေးတတ်တာ ... ခုလဲ မင်းရံ ဆင်းရဲတဲ့ ရပ်ကွက်က ကလေးတွေ၊ ကျောင်းမတက်နိုင်ပဲ အိမ်ရဲ့ စီးပွားကို ကူညီပေးနေရတဲ့ ကလေးတွေ အတွက် ပန်းရောင်းက အစ၊ ပြောင်းဖူးပြုတ် အဆုံး ကူညီ ရောင်းပေးပြီး စာသင်ကျောင်းကို အမီ ပို့ပေးသည် ။ ဒါကိုသိတဲ့ သူတိုင်းက မင်းရံဆီက ပန်းဝယ်လိုက်ရုံနဲ့ ကလေးတွေ အတွက် ပညာရေးပါ ထောက်ပံ့ ပေးပြီးသား ဖြစ်တာကြောင့် မင်းရံဆီမှာ ပဲ ဝယ်လေ့ ရှိကြသည် ။

"ဩော် ... ဟုတ်ကဲ့ အစ်ကို ဒီမှာ ပါ ... တစ်ကုံး ပိုပေး ထားတယ်နော် ..."

ကားမှန်ထဲကနေ အထဲကို ငုံ့ပြီး ပန်းကုံးကို ပေးလိုက်သည် ။

"ကျေးဇူးပါ ညီရာ ... ညီလည်း ရောင်းကောင်းပါစေ ..."

"ဟုတ်ကဲ့ အစ်ကို ..."

ရှေ့ကား ထွက်သွားတော့ နောက်အနီရောင် ကားလေးတစ်စီးက မင်းရံဘေး ရပ်လာသည် ။ ကားမှန်ကို တစ်ဝက်လောက်ထိပဲ ချထားပြီး မောင်းတဲ့ နေရာက အမျိုးသမီးက နေကာမျက်မှန်ကို တပ်ထားသည် ။

မင်းရံက ပန်းကုံးလေးတွေ ကိုင်ရင်း ဝမ်းသာအားရနဲ့ ...

"အစ်မ ပန်းယူမလို့ လား ... ဘယ်လောက်ဖိုး ယူမှာ လဲ ..."

"အင်း လက်ထဲကပန်း အကုန် ဘယ်လောက်ဖိုးလဲ ..."

မင်းရံ နည်းနည်းတော့ အံ့ဩ သွားပေမဲ့ ပန်းတွေ ကုန်သွားရင် က

လေးတွေ အမြန် စာသင်နိုင်တာကြောင့် ဝမ်းသာ သွားမိသည် ။

"အကုန်လုံးဆို ၄၀၀၀ ဖိုးပဲ ပေးပါ ..."

အဲဒီ အမျိုးသမီးက မတုံ့မဆိုင်းပဲ ဘေးခုံမှာ တင်ထားတဲ့ အိတ်ထဲက တစ်ထောင်တန် ၄ရွက်ကို ဆွဲယူပြီး ကားပြတင်း အပြင်ကို ထုတ်ပေးသည် ။ မင်းရုံလည်း ချက်ချင်း ယူပြီး လက်ထဲကကို ပန်းကုံး အကုန်လုံးကို ထည့်ပေးလိုက်သည် ။ အဲဒီနောက် ကားမှန်ကို ချက်ချင်း ပြန်တင်ပြီး မောင်းသွားသည် ။

မင်းရုံစိတ်ထဲ ထိုအမျိုးသမီးရဲ့ မျက်နှာကို သေချာ မမြင်လိုက် ရပေမဲ့ ကားထဲက ထွက်လာတဲ့ သူမ ရေမွှေးနံ့ကိုတော့ လုံးဝ မှတ်မိနေပါသည် ။ အဲဒီအနံ့က အကောင်းစား ရေမွှေးနံ့ မဟုတ်ပါလား ...။

တရိပ်ရိပ် သွားနေတဲ့ ကားတံခါး မှန်လေးကို အဆုံးထိ ချထားသည် ။ ကားရှေ့မှာ ချိတ်ထားတဲ့ ပန်းကုံးက အနံ့လေးက တစ်ခါတစ်ခါ စူးစူး ရှရှကို မွှေးပျံ့နေသည် ။

"မင်းရုံဆိုတာ ဦးသက္ကာရဲ့ သားတဲ့ လား ..."

နှုတ်ကနေ ခန္ဓဲ ခပ်တိုးတိုးလေး ရေရွတ်လိုက်သည် ။

နေကာမျက်မှန် ပေါ်မှာ ပန်းရောင်းနေတဲ့ မင်းရုံ ပုံရိပ်တွေက အရှင်းသား ပေါ်လို့ နေ၏။

***

ခန္ဓဲ အိမ်ပြန်ရောက်တော့ ဦးလေးက ဧည့်ခန်းမှာ အခန့်သား ထိုင်နေ

သည် ။ ဦးလေးကို မြင်တာနဲ့ ခန္ဓွလည်း ဧည့်ခန်း ဘက်ကို လှည့်လာခဲ့လို က်သည် ။ ဦးလေးနဲ့ မျက်နှာချင်းဆိုင်မှာ ထိုင်လိုက်ပြီး အိမ်အကူ ကောင်မလေးက အလိုက်တသိနဲ့ လာယူတဲ့ ပိုက်ဆံအိတ်ကို ပေးလိုက်သည် ။

"ဘယ်ချိန်ထဲက ပြန်ရောက်နေတာလဲ ... ဦးလေး ..."

"မကြာသေးပါဘူး ..."

ဦးလေးက စကားကို ခပ်တိုတို ဖြေပြီး ခန္ဓွကို ကြည့်နေသည် ။

"ခန္ဓွကို ဘာပြောစရာ ရှိလို့ လဲ ... ပြောလေ ... ဦးလေး"

"ဘယ်တော့ အစီအစဉ် စမှာ လဲ ..."

အစီအစဉ် ဆိုတာနဲ့ ခန္ဓွ နားလည် သဘောပေါက် လိုက်သည် ။

"စုံစမ်းနေတုန်းပါ ... ဦးလေး ..."

"လူအင်အား၊ ငွေအင်အား ဘာလိုလဲပြော ... ချက်ချင်း ရစေရမယ် ...
"

"မလိုပါဘူး ... ခန္ဓွအားနဲ့ ခန္ဓွ ဖေဖေတို့ အကြွေးကို ပြန်ယူချင်တယ် .
.."

"ကောင်းပြီ ... ဒါဆို သိပ်အကြာကြီးတော့ မကြာစေနဲ့ ..."

"အင်း ..."

ခန္ဓွခေါင်းလေး ညိတ်လို့ အခန်းထဲ ဝင်လာခဲ့လိုက်သည် ။

အခန်းထဲ ရောက်တာနဲ့ မှန်တင်ခုံ ရှေ့မှာ ထိုင်လိုက်ပြီး မှန်ထဲက လူကို စေ့စေ့စပ်စပ် ကြည့်နေသည် ။ တကယ် လုပ်သင့်လား၊ မလုပ်သင့်လား ဝေခွဲရ ခက်နေတုန်းမှာ ပဲ ပိုက်ဆံအိတ်ထဲက နွမ်းနေတဲ့ ပန်းကုံလေးကို ထုတ်ယူလိုက်သည် ။ နွမ်းပေပေမဲ့ အနံ့မပြယ်သေးတဲ့ ပန်းကုံး

လေးကို အသာအယာ နမ်းရှိုက် လိုက်တော့သည် ။

***

ခန္ဓဲ နေ့လယ်စာ စားဖို့ ယိုးဒယား အစားစာ စားသောက်ဆိုင်ကို ထွက်လာခဲ့သည် ။ အပေါင်းသင်းရှားတဲ့ ခန္ဓဲမှာ အမြဲ ထမင်းကို တစ်ယောက်တည်းပဲ စားလေ့ရှိသည် ။ ဒီနေ့လည်း ကုမ္ပဏီကနေ နေ့လယ်စာအတွက် ကားလေးမောင်းပြီး စားသောက်ဆိုင် ဘက်ကို အဝင်မှာ နာမည်ကြီး စားသောက်ဆိုင် ဖြစ်တော့ ကားတွေကလည်း အစီအရီ ပါကင် ထိုးထားကြသည် ။ ကားတွေ ကြည့်ပြီး နေရာတောင် ရှိပါတော့မလား ခန္ဓဲ နည်းနည်း စိတ်ညစ် သွားမိသည် ။ ခန္ဓဲကလည်း အကျင့်တစ်မျိုး ... စားချင်ရင် ချက်ချင်း စားလိုက်ရမှ နောက်မှ ဆိုပြီး အောင့်မထားတတ်ဘူး ...။

ခန္ဓဲ ကားရပ်လို့ ရပေမဲ့ နေရာကို ရှာရင်း ဖြည်းဖြည်းချင်း လိမ့်နေတဲ့ ခန္ဓဲကားက ရှေ့ ကားတစ်စီး ဘေးစွန်းကို ချိတ်မိသွားလေသည် ။

"ဒုန်း ..."

"အမလေး ... ဗုဒ္ဓေါ ..."

ခန္ဓဲ ကားချင်း ချိတ်မိပြီ ဆိုတာ သိသိချင်း နည်းနည်း ထိတ်လန့်သွားသည် ။ ကားပိုင်ရှင်က ဘယ်သူ ဘယ်ဝါမှန်း မသိ ... ညှိနှိုင်းလို့ ပြေလည်မည့် သူမျိုးဆို တော်သေးသည် ။

တွေးရင်းပဲ ကားပေါ်က ဆင်းပြီး ချိတ်မိသွားတဲ့ နေရာကို ကြည့်လိုက်သည် ။ အရှိန်မပြင်းလို့ အရမ်း မထိခိုက်သွားပေပေမဲ့ ကားက ... ခြစ်

ရာတစ်ခု ဖျောက်ဖို့ တင် သိန်းဆယ်ချီကုန်တာ ... ခုက ကားရဲ့ ဘေးစွန်လေး နည်းနည်း ချိုင့်ဝင်သွားသည် ။

ကားပိုင်ရှင်ကလည်း ဘယ်မှာ မှန်း မသိ ကားနား ... ခနွဲ့ အကျပ်ရိုက်နေသည် ။

"ဘယ်သူလဲ မသိဘူး ..."

ခနွဲ့ နောက်ဘက်ကနေ လူတစ်ယောက်က မေးလိုက်သည် ။ ခနွဲ့ လှည့်ကြည့်တော့ ...

"ဟင် ... မင်းရံ့."

ခနွဲ့ စိတ်ထဲကနေ အံ့ဩပြီး ခဏ မှ င်သေသွားသည် ။ ပြီးမှ ကိုယ့်ကိုယ်ကိုယ် ပြန်ထိန်းကာ ...

"ဒီမှာ ရှင် ကျွန်မ မောင်းလာတဲ့ ကားနဲ့ ချိတ်မိသွားလို့ ... ဒီကားပိုင်ရှင်က ဟောဒီက ရှင်လား ... "

"ဟုတ်ပါတယ် ..."

မင်းရံ ခနွဲ့ ဘေးကနေ ချိတ်မိတဲ့ နေရာကို ကြည့်ပြီး ...

"အင်း များ တော့ များ သွားတာပဲ ..."

"ဟုတ်ကဲ့ပါရှင် ... ကျွန်မ သူဌေးဆီ ဖုန်းဆက်ပြီး ညှိနှိုင်း ပေးပါရစေရှင် ... ကျွန်မကို ဟိုတိုင် ဒီတိုင် မလုပ်ပါနဲ့ ရှင် ... တောင်းပန်ပါတယ် ... နော် ..."

ခါးလေး ကိုင်းပြီး တောင်းပန်နေတော့ မင်းရံလည်း နည်းနည်း အနေခက်သွားသည် ။

"ဒါ မင်းကိုယ်ပိုင်ကား မဟုတ်ဘူး လား ..."

"မဟုတ်ပါဘူးရှင် ကျွန်မအဆင့်နဲ့ ဒီလိုကားမျိုး မစီးနိုင်ပါဘူးရှင် ..."

ခနွဲ့ လိုတာထက် ပိုပြီး ပြောလိုက်သည် ။ ကံကောင်းတာက ဒီနေ့ ခနွဲ့ကား မဟုတ်ပဲ အဆင်သင့် ရှိနေတဲ့ ဦးလေးကားကို ယူလာခဲ့မိသည် ။

"မင်းက ဘာအလုပ် လုပ်တာလဲ ..."

"ကျွန်မက ကုမ္ပဏီတစ်ခုက မန်နေဂျာ လက်ထောက်ပါ ... ခုလည်း မန်နေဂျာက ဒီဆိုင်မှာ သွားဝယ်ချေ ဆိုလို့ လာခဲ့တာပါ။ ကျွန်မက သိပ်ပြီး ကားမောင်း မကျွမ်းသေးဘူးရှင့် ..."

"ဒါဆို ဒီကားလည်း နည်းနည်း ပြင်ရမယ် ထင်တယ် ..."

မင်းရံက ခနွဲ့ ကားတိုက်မိနေတဲ့ နေရာကို ညွှန်ပြသည် ။

"ဘယ်တတ်နိုင်မလဲ ဒီကားကိုလည်း ပြင် ဒီ အစ်ကိုကားလည်း ပြင်ပေးရမှာ ပေါ့ ... ပြင်စရိတ်ကတော့ လစာထဲကပဲ ဖြတ်ခိုင်း ရမှာ ပေါ့ရှင် ..."

"ကျွန်တော့်ကားကို ပြင်ပေးစရာ မလိုပါဘူး ... ကျွန်တော့် အမှားလည်း ပါတာပဲ ... ရပ်ထားတာက လမ်းနဲ့ သိပ်မလွတ်ဘူးလေ ... တကယ့်တကယ် ရှင်းရကြေးဆို ကျွန်တော်လည်း အမှားမကင်းပါဘူး ..."

"ဒါပေမဲ့ရှင် ..."

"ရပါတယ်ဗျာ ... ခင်ဗျား ဆိုင်ကို ခင်ဗျား သူဌေးခိုင်းလို့ လာတာမဟုတ်လား ... အေးဆေး သွားဝယ်ပြီး ပြန်သွားပါ ... ခင်ဗျား သူဌေးကိုလည်း ပြောလိုက်ပါ ... တကယ်လို့ ကားပြင်ရမယ်ဆို ဒီလိပ်စာကို ဆက်သွယ်ပေးပါလို့ ..."

မင်းရံက ပိုက်ဆံအိတ်ထဲက လိပ်စာကတ်လေးကို ထုတ်ပြီး ခနွဲ့လ

က်ထဲ ထည့်ပေးလိုက်သည် ။

"ဒါနဲ့ ကျွန်မ နာမည် ခန္ဓွလျ ပါရှင် ... "

"ကျွန်တော့် နာမည် မင်းရဲ ပါ ..."

"ဟုတ်ကဲ့ ... ဒါဆို ကိုမင်းရဲ ဒီလိုလုပ်ပါလား ... ဒီနေ့ အဖြစ်အပျက်အတွက် ကျွန်မ နောက်နေ့ တစ်ခုခု လိုက်ကျွေးချင်ပါတယ် ... ဘယ်လိုလဲ ... ဒီ နံပါတ်ကို ဆက်သွယ်ရင် ဖြစ်တယ်မဟုတ်လား ..."

ခုမှ စမြင်ဖူးတဲ့ မိန်းကလေးက တစ်ခုခုကျွေးမယ် ဆိုတော့ မင်းရဲ အနည်းငယ်တော့ အနေခက် သွားသည် ။ ဒါပေမဲ့ မိန်းကလေးဘက်က စေါ်တာကြောင့် ငြင်းလိုက်ရင် ရှက်သွားမလား စိုးရိမ်ပြီး ...

"အင်း ... မဆိုးပါဘူး ... ခင်မင်မှု အထိမ်းအမှတ်လည်း ဖြစ်အောင်လက်ခံပါတယ် ... ဒါပေမဲ့ ခင်ဗျား သူဌေးနဲ့ အဆင်ပြေပါ့မလား  ... တစ်ခုခုဆို ကျွန်တော်ကို ချက်ချင်း ဖုန်းဆက်နော် ..."

"ဟုတ်ကဲ့ရှင့် ... ခုလို ကူညီပေးတာ ဘယ်လို ကျေးဇူး တင်ရမလဲတောင် မသိတော့ပါဘူး ... ကျွန်မ လခနဲ့ ဒီနှစ်ကားကို ပြင်ရမယ်ဆိုတော့ ခေါင်းတွေ မူးသွားတာပဲ ..."

"ကျွန်တော်က ရပါတယ် ... ခင်ဗျား သူဌေးနဲ့ သာ အဆင်ပြေအောင်လုပ်ပါ ... ဒါဆို ကျွန်တော် သွားတော့မယ် ..."

"ဟုတ်ကဲ့ရှင့် ကျေးဇူး တင်ပါတယ်ရှင် ..."

မင်းရဲကား မောင်းထွက်သွားတဲ့ အထိ ခန္ဓွ နှုတ်ဆက် ကျန်ခဲ့သည် ။

မမျှော်လင့်ပဲ မင်းရဲနဲ့ ဆုံတွေ့ခဲ့ရတာ တိုက်ဆိုင်မှုလား၊ ကံကြမ္မာက သတ်မှတ် ပေးပြီးသားလား ခန္ဓွ မဝေခွဲတက်အောင်ပင် ...။ ဒါပေမဲ့ ဒီနေ့

ဒီဆိုင်လေးကို လာဖြစ်တာ မှန်သွားတယ်လို့ ခံစားမိခဲ့သည် ။

***

ခုတလော ... ဒီလမ်းက ကားနည်းနည်း ရှုပ်ပေပေမဲ့ ခန္ဓွဲ တမင်ရွေးပြီး လာဖြစ်ခဲ့သည် ။ အကြောင်းက မင်းရံဆိုသည့် ပန်းသည် လေးဆီကို ပန်းဝယ်ဖို့ ဖြစ်သည် ။ ထုံးစံအတိုင်း မင်းရံ တကြော်ကြော် အော်ရင်း ပန်းရောင်းနေတာကို ကားထဲကနေ အတော်ဝေးဝေးထဲက မြင်နေရသည် ။ တနွံ့နွံ့ ကားလေး သွားနေရင်းက မင်းရံနား ရောက်လာခဲ့သည် ။ မင်းရံကလည်း ထုံးစံအတိုင်း ပြုံးရွှင်နေတဲ့ မျက်နှာနဲ့ မေးပြန်သည် ။

"ဘယ်လောက်ဖိုး ယူမှာ လဲ ... ညီမ ..."

"တစ်ထောင်ဖိုး ပေးပါ ..."

ကားထဲက အသံ ခပ်တိုးတိုးနဲ့ ပြန်ဖြေလိုက်သည် ။ ပြီး တစ်ထောင်တန် အသစ်လေးကို ယူပြီး မင်းရံလက်ထဲကို ထည့်ပြီး မင်းရံပေးတဲ့ မင်းရံပေးတဲ့ ပန်းကုံးလေးကို ယူပြီး အနည်းငယ် ဟထားတဲ့ ကားမှန်ကို ပြန်တင်ပြီး မောင်းထွက် လာခဲ့သည် ။

အမြဲ ကားမှန်ကို နည်းနည်းလေးပဲ ဟလေ့ ရှိတာကြောင့် မင်းရံ အထဲက လူကို သဲသဲကွဲကွဲ ခုထိ မမြင်ရသေး ...။ နေ့တိုင်း ပန်းဝယ်နေတာကိုတော့ ကားနံပါတ်နဲ့ ရေမွှေး အနံ့ကြောင့်သာ မှတ်မိနေခြင်း ဖြစ်သည် ။

***

ဒီနေ့ ဖေဖေဆုံးတာ တစ်လပြည့် ဖြစ်သည် ။ သံဃာတော်တွေကို သ ကၤန်းကပ် ရေစက်သွန်းချပြီး ဖေဖေ့အတွက် အမျှဝေပြီးနောက်မှာ ဖေ ဖေ့ရဲ့ အုတ်ဂူလေးကနေ နှုတ်ဆက်ပြီး ထွက်လာခဲ့သည် ။

လေတဖြူးဖြူး တိုက်နေတဲ့ သစ်ပင်ရိပ်အောက်က ဇရပ်အိုလေးမှာ ခဏ ထိုင်ရင်း အဝေးကနေ လှမ်းမြင်နေရတဲ့ ဖေဖေ့ အုတ်ဂူလေးကို ငေးရင်း ဖေဖေ့ အကြောင်းတွေ ပြန်သတိရနေမိသည် ။

ဖေဖေက အောင်မြင်တဲ့ စီးပွားရေး သမားတစ်ယောက် ... မိတဆိုးဖြစ်တဲ့ ကျွန်တော့် အပေါ်မှာ အဖေလိုရော အမေလိုရော မေတ္တာ တွေ ပေးခဲ့သူဖြစ်သည် ။ ကျွန်တော် အသက်၁၂နှစ်မှာ ဖေဖေက မမျှော် လင့်ပဲ ကား accident ဖြစ်ခဲ့သည် ။ တစ်ဖက်ကားက လူနှစ်ယောက် အ သက် ဆုံးသွားပြီး ဖေဖေ ကိုယ်တိုင်လဲ ခြေတစ်ဖက် ဖြတ်ပစ်ခဲ့ရသည် ။ အဲဒီ ယဉ်တိုက်မှုကြောင့် ဖေဖေ ထောင် ၁၅နှစ် ကျခဲ့သည် ။

ဒုက္ခိတ ဘဝနဲ့ ပဲ ထောင်ထဲက လွတ်ဖို့ ၆လ အလိုမှာ ဆုံးသွားခဲ့သ ည် ။ ဖေဖေက ကျွန်တော့်ကို ထောင်ဝင်စာ ဘယ်တော့မှ လာမတွေ့ခိုင်း၊ ကျွန်တော် သွားတွေ့ရင်လည်း တွေ့ခွင့်မပေး အမြဲ ငြင်းလွှတ်သည် ။ ဆုံးခါနီး အသည်းအသန် ဖြစ်နေတော့မှ ကျွန်တော်ကို ဆက်သွယ် လာပြီး ကျွန်တော့်ကို နောက်ဆုံးစကား ချန်ထားပြီး ဆုံးသွားခဲ့သည် ။ ကျွန်တော့်ဘဝမှာ အမေကိုရော အဖေကိုရော ပြုစု လုပ်ကျွေးခွင့်၊ မိသား စုနဲ့ အတူ ပျော်ရွှင်ခွင့် မရခဲ့ပါ ...။ အမြဲတမ်း ဘဝကို တစ်ယောက်တည်း ဖြတ်သန်း လာရပါများ တော့ ပတ်ဝန်းကျင် ဆိုတာကိုတောင် မေ့နေတ တ်သည် ။ ကျွန်တော် လုပ်ချင်တဲ့ အလုပ်ဆိုရင် ဘယ်သူ့ကိုမှ အာရုံမစို က် အောင်မြင်အောင် လုပ်တတ်သည် ။ ဒါ ဖေဖေ ပေးခဲ့တဲ့ အမွေဆိုလ

ည်း မမှားပါ ...။

နောက်တစ်ခုက  ကျွန်တော့်မှာ အမုန်းတွေ၊ အာဃာတတွေ၊ အငြိုးတွေ၊ မာန်မာနတွေ မရှိတာပါ ... ။ ကျွန်တော့်ကို လူတစ်ယောက်က မုန်းနေမယ် ဆိုရင်တောင် ကျွန်တော် ပြန်မမုန်းပါ ... ။ လူတစ်ယောက်က ကျွန်တော်ကို ကလဲ့စား ချေမယ် ဆိုရင်တောင် ကျွန်တော် ဘယ်တော့မှ ရှောင်သွားမည် မဟုတ်ပါ ...။

မင်းရဲ ဇရပ်အိုလေးမှာ ခနထိုင်ပြီး ကိုယ့်ဘဝအကြောင်း စဉ်းစားပြီး အချိန်ကလည်း တော်တော် မြင့် လာပြီ ဖြစ်လို့ ဇရပ်အိုလေးထဲ ကနေ ပြန်ထွက် လာခဲ့တော့သည် ။

***